မိမိတို့လူလေးဦးကျတဲ့ နအဖ ဒေါသထ

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇွန်လ ၂၇ ရက်၊ ၂၀၀၃ ခုနှစ်။

ဇွန်လ ၂၅ ရက်နေ့ နေ့လယ်ပိုင်းတွင် ကရင်ပြည်နယ် ဇမိမြစ်ကြောင်းတလျှောက်တွင် စစ်ကြောင်းထိုး လှုပ်ရှားနေသော နအဖ စစ်ကြောင်း တစ်ကြောင်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) မှ ခြုံခိုတိုက်ခိုက်သောကြောင့် နအဖစစ်သား လေးဦးကျဆုံးခဲ့ပါသည်။

ကြာအင်းဆိပ်ကြီးမြို့၏ အရှေ့ဘက် ဇမိမြစ်ကြောင်းတွင်ရှိသော ကျွန်းချောင်းရွာအနီးတွင် စစ်ကြောင်းထိုးလာသော နအဖတပ်ရင်းကို KNLA မှ ဇွန်လ ၂၄ ရက် ညနေပိုင်းနှင့် ၂၅ ရက် နေ့လယ်ပိုင်းတွင် လိုက်လံ ခြုံခိုတိုက်ခိုက်ခဲ့ပါသည်။

တိုက်ခိုက်ခံရသည့်အတွက်ကြောင့် နအဖစစ်သား ၄ ဦး ကျဆုံးခဲ့ပြီး မိမိတို့လူ ကျဆုံးသည့်အတွက်ကြောင့် နအဖစစ်သားများ ဒေါသထွက်နေကြောင်း ဒေသခံတို့က ဆိုပါသည်။

''သူတို့လူ ကျဆုံးတဲ့အတွက်ကြောင့် ကရင်စစ်သားတို့ အမြဲဂိတ်ဖွင့်ထားရှိတဲ့ ဇမိမြစ်ပေါ်က တဲဖောင်နှစ်လုံးကို နအဖစစ်သားများက ကြိုးဖြတ်ပြီး ရေမျှောလိုက်တယ်'' ဟု ကျွန်းချောင်းကို ဆင်းသွားရာမှ ဆင်းမရ ပြန်ရောက်ရှိလာသည့် ဘုရားသုံးဆူမြို့သားတစ်ဦးက ဆိုပါသည်။

''ကရင်စစ်သားကလည်း ဇမိမြစ်ကြောင်းကို ပိတ်ထားပြီး မည်သည့်လှေများကိုမှ မပေးပြေးဆွဲဘူး၊ ဒါကြောင့် ကျနော်တို့ ဘုရားသုံးဆူလှေများ ရပ်တန့်နေရတယ်''ဟု ထိုသူကဆိုပါသည်။

ယခုစစ်ကြောင်းထိုးမှုသည် ယခုနှစ်မိုးရာသီအချိန်တွင် နအဖတပ်ရင်းတို့မှ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့များကို ဇမိမြစ်ကြောင်းတလျှောက်တွင် ပထမဆုံးစတင်ထိုးစစ်ဆင်ခြင်းဖြစ်ပါသည်။

နအဖစစ်တပ်တို့သည် မိုးရာသီအချိန်တွင် ဇမိမြစ်ကြောင်းကို အခြေခံပြီး ဘုရားသုံးဆူဒေသနှင့် ကြာအင်းဆိပ်ကြီး မြို့နယ်များတွင် လှုပ်ရှားနေသာ လက်နက်တော်လှန်ရေးအဖွဲ့အစည်းများကို ထိုးစစ်ဆင်လေ့ရှိပါသည်။

ပြီးခဲ့သည့်နှစ်များက ထိုးစစ်ဆင်ရာတွင် ဒေသခံပြည်သူများကို ပေါ်တာဖမ်းခြင်း၊ အချောလှေများ ခေါ်ယူခြင်းကို လည်း ပြုလုပ်လေ့ရှိသည်။